myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 4, 2019 Volume 23, Number 3


၄.၉.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၄၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၇၈၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၉/ကျပ် |
| CBM Rate | = ၁၅၂၉.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၃.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၅၈.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၇.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၈၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၂၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၈၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ကိုရီးယားသမ္မတ၏ သုံးရက်တာခရီးစဉ်အတွင်း ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ချေးငွေဆိုင်ရာ မူဘောင်သဘောတူညီချက်အပါအဝင် နားလည်မှုစာချွန်လွှာငါးခု လက်မှတ်ရေးထိုး



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး ခရီး ရောက်ရှိနေသည့် ကိုရီးယား သမ္မတ၏ သုံးရက်တာ ခရီးစဉ် အတွင်း ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုအတွက် ချေးငွေဆိုင်ရာ မူဘောင် သဘောတူညီချက် အပါအဝင် နားလည်မှုစာချွန်လွှာငါးခုကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံအပြီးတွင် လက်မှတ်ရေးထိုးခဲ့ကြောင်း နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဝင်းမြင့်နှင့်ကိုရီးယား သမ္မတနိုင်ငံသမ္မတ H.E. Mr. Moon Jae In ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့၏ တွေ့ဆုံပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နေ့လယ်ပိုင်းက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာသည့် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မွန်ဂျေးအင်းနှင့်အဖွဲ့ကို နိုင်ငံတော် သမ္မတဦးဝင်းမြင့်နှင့် ပြည်ထောင်စုဝန်ကြီးများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတမွန်ဂျေအင်း၏ သုံးရက်တာ ခရီးစဉ် အတွင်း စက်တင်ဘာ ၃ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်တွေ့ဆုံခဲ့ပြီး ယင်းနောက်တွင် နားလည်မှုစာချွန်လွှာ ငါးခုလက်မှတ်ရေးထိုးခဲ့သည်။

လက်မှတ်ရေးထိုးပွဲနှင့် စာချုပ်လဲလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံသမ္မတတို့ ရှေ့မှောက်၌ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ချေးငွေဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ကုန်သွယ်ရေးနှင့်စက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး

နားလည်မှုစာချွန်လွှာ၊ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန် အတွက် ရန်ကုန်မြို့တွင် သတင်းအချက်အလက်စင်တာတစ်ခုတည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ သင်္ဘောလိုင်း၊ သင်္ဘောကျင်းအဆင့်မြှင့်တင်ရေး၊ ထောက်ပံ့ပို့ဆောင်ရေး၊ ဆိပ်ကမ်းတည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ ထွန်းသစ်စလုပ်ငန်းများနှင့် တီထွင်ဆန်းသစ်ခြင်းနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများအား နှစ်နိုင်ငံ တာဝန်ရှိသူများက လက်မှတ်ရေးထိုးခဲ့ကြကြောင်းသိရသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံမှ ပညာရေးဝန်ကြီးဌာနအတွက် ပေးအပ်လှူဒါန်းသည့် ကျောင်းကား အစီး ၆၀ ကို ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု ကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ အခြေခံအဆောက်အအုံ၊ စွမ်းအင်၊ ငွေကြေးနှင့်ဘဏ္ဍာရေး ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လယ်ယာကဏ္ဍတွင် အတွေ့အကြုံနှင့် နည်းပညာများဖလှယ်ခြင်းဖြင့် ဆက်လက်အကူအညီပေးအပ်ရေး၊ ကိုရီးယားနိုင်ငံမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်အတွက် ရန်ကုန်မြို့တွင် သတင်းအချက်အလက် စင်တာ တစ်ခုတည်ထောင်သွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်က ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ပြီးနောက်ပိုင်း ကိုရီးယားနိုင်ငံမှ ခရီးသွားဧည့်သည်များသိသာစွာ တိုးမြင့်လာသည့်အတွက် ကိုရီးယားခရီးသွားများအတွက် ဗီဇာကင်းလွတ် ခွင့်ကို တစ်နှစ်ထပ်မံ သက်တမ်းတိုးမြှင့်ပေးခဲ့သည့် ကိစ္စရပ်များကိုဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အာဆီယံ-ကိုရီးယား၊ အာဆီယံ- မဲခေါင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတွင် မြန်မာနိုင်ငံက ပိုမိုတက်ကြွစွာ အ ထောက်အကူပြုရေး၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ကျင်းပပြုလုပ်မည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်၊ မိတ်ဖက်ဆက်ဆံမှု နှစ် ၃၀ မြောက် ထိပ်သီးအစည်းအဝေးနှင့် ကိုရီး ယား-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ပထမ အကြိမ် ထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်အဆင့်ပါဝင်တက်ရောက်ရေး၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကိုရီးယားပြည်သူများ ပိုမိုသိရှိလာစေရေးအတွက် ဘူဆန်မြို့ရှိ အာဆီယံယဉ်ကျေးမှုစင်တာတွင် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် ပုဂံဒေသ၏ယဉ်ကျေးမှုနှင့် သဘာဝရှုခင်းများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပုံဖော်ပြသရေး၊ ရန်ကုန် တက္ကသိုလ် နှစ် ၁၀၀ ပြည့်အခမ်းအနားများကျင်းပရာတွင် ကိုရီးယားနိုင်ငံမှ လိုအပ်သည့်အကူအညီများပါဝင်ကူညီရေး၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ပါဝင်အထောက်အကူပြုနိုင်ရန်အတွက် ကိုရီးယား သမ္မတနိုင်ငံမှအပြုသဘောဆောင်သည့် အကူအညီများပေးအပ်ရေး၊ ကိုရီးယား-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စက်မှုဇုန်စီမံကိန်း (KMIC) ထူထောင်နိုင်ရေးအတွက် စတင်သည့်အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည့် ကိစ္စ၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ကိုရီးယားနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာ အလုပ်သမားများ တိုးမြှင့်ခေါ်ယူနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး၏ သတင်း ထုတ်ပြန်ချက်အရသိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ သမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် နှစ်နိုင်ငံပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယနေ့ဆွေးနွေးပွဲတွင် သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်မှုအခြေအနေ၊ ကိုရီးယားခရီးသွားများ ပိုမို ဝင်ရောက်လာသည့်အတွက် ဗီဇာကင်းလွတ်ခွင့် သက်တမ်းတစ်နှစ်ထပ်မံတိုးမြှင့်ပေးခဲ့မှုအခြေအနေ၊ ကိုရီးယားသမ္မတနိုင်ငံ၏ ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုကို ကြိုဆိုထောက်ခံမှုနှင့် ပညာရေးဝန်ကြီးဌာနသို့ ကျောင်းကားအစီး ၆၀ ပေးအပ်လှူဒါန်းမှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာမွန်ဂျေအင်းက ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဒီမိုကရေစီကြိုးပမ်းဆောင်ရွက်သည့် သမိုင်းကြောင်းတူညီမှု၊ ကိုရီးယားစစ်ပွဲအပြီး မြန်မာနိုင်ငံမှ ဆန်ကူညီပေးအပ်ခဲ့မှုအပေါ် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံများ

ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးသွားမည့်အခြေအနေများ၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ကိုရီးယား-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု စက်မှုဇုန်စီမံကိန်းတွင် ကိုရီးယားစီးပွားရေးလုပ်ငန်းများ ပိုမိုရင်းနှီးမြှုပ်နှံလာစေရန် တိုက်တွန်းပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ပြောကြားသည်။

နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော်သို့ ရောက်ရှိသည့် ကိုရီယားသမ္မတ နိုင်ငံသမ္မတအား နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ကိုရီးယားနိုင်ငံသမ္မတနှင့်အတူ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ တောင်ကိုရီးယားသမ္မတနိုင်ငံ မွန်းဂျေအင်းသည် အာဆီယံသုံးနိုင်ငံခရီးစဉ်အဖြစ် ထိုင်း၊ မြန်မာ၊ လာအိုသို့ လာရောက်ခြင်းဖြစ်ပြီး ဒုတိယခရီးစဉ်အဖြစ် မြန်မာနိုင်ငံကို ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/132392

## တရုတ်တွင်ရွှေလက်ဂဝတ်တန်ဆာဂယ်လိုအား ဆက်လက်မြင့်မားနေ

တရုတ်နိုင်ငံ၏ ရွှေသတ္တုတူးဖော် ထုတ်လုပ်သောကဏ္ဍတွင်ခေတ်မမီသော ထုတ်လုပ်ရေး အသုံးအဆောင်များကို ပိတ်သိမ်းခြင်းနှင့် ၎င်း၏စက်မှုဆိုင်ရာ တည်ဆောက်မှုပုံစံကိုအမြင့်ဆုံးဖြစ်စေရန် ပြုလုပ်နေမှုများကြောင့် ထုတ်လုပ်မှုများကျဆင်းနေသော်လည်း ၂၀၁၉ ခုနှစ် ပထမနစ်ဂက်အတွင်း တရုတ်တို့၏ ရွှေဂယ်ယူမှုမှာ မက်ထရစ်တန်ချိန် ၅၂၃ ဒသမ ၅၄တန်ရှိခဲ့ကာ ယမန်နှစ်ကထက် ၃ ဒသမ ၂၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တရုတ်ရွှေအသင်းမှ ထုတ်ပြန်ချက်အရ သိရှိရသည်။ ရွှေချောင်းများဂယ်ယူမှုမှာ ယခင်နှစ်ကထက် ၁၇ ဒသမ၂၉ ရာခိုင်နှုန်းကျဆင်းခဲ့ကာ တန်ချိန် ၁၁၀ ဒသမ ၅၁ တန်သာရှိခဲ့ပြီး၊ ရွှေပြားများဂယ်ယူမှုမှာ ၂၉ ဒသမ ၂၇ ရာခိုင်နှုန်းကျဆင်းခဲ့ကာ ၂ ဒသမ ၉ တန်သာရှိခဲ့သည်။ လုပ်ငန်းများတွင်အသုံးပြုရန် ရွှေဂယ်ယူမှုမှာ သုည ဒသမ ၆ ရာခိုင် နှုန်းကျဆင်းခဲ့ကာ ၅၁ ဒသမ ၃၆ တန်ရှိခဲ့သည်။ ထိုကဲ့သို့ တရုတ်တွင် ရွှေဂယ်လိုအား ကျဆင်းခဲ့ရခြင်းတွင်ရွှေဈေးနှုန်းများမြင့်တက်ခြင်းကလည်းအကြောင်းရင်းတစ် ရပ်ဖြစ်ခဲ့ သည်။ သို့ရာတွင် ပြည်တွင်းရွှေလက်ဂဝတ်တန်ဆာဂယ်လိုအားမှာမူ ကမ္ဘာ့ရွှေလုပ်ငန်းကို တွန်းအားပေးနေသည်မှာ ကာလကြာရှည်လာပြီဖြစ်သည်။

၂၀၁၉ ခုနှစ် ပထမခြောက်လအတွင်း လက်ဂဝတ်တန်ဆာဂယ်လိုအားမှာတန်ချိန် ၃၅၈၈ ဒသမ ၇၇ တန်သို့ တဖြည်းဖြည်းတက်သွားခဲ့ရာ ယခင်နှစ်ကထက် ၁ ဒသမ ၉၇ ရာခိုင်နှုန်းဂန်းကျင် တိုးတက်လာခဲ့သည်ကိုတွေ့ရသည်။ လက်ဂဝတ်တန်ဆာ ဂယ်လိုအားတက်ရခြင်းမှာ ပိုမိုကောင်းမွန်သောဒီဇိုင်း၊ အမျိုးအစားနှင့် ပိုမိုမြင့်မားစွာတန်ဖိုးမြှင့်ထုတ်လုပ်လာခြင်းတို့ကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုရန်လိုအပ်ချက်များကျဆင်းနေသည့်အတွက် ရွှေချောင်း၊ ရွှေပြားဂယ်လိုအားကျဆင်းနေသော်လည်း ဂယ်ယူသူများ၏ လိုအပ်ချက်များမြင့်တက်လာခြင်းကြောင့် ရွှေလက်ဂဝတ်ရတနာဂယ်လိုအား မြင့်မားလာနေသည်။ ယခုနှစ်ပထမခြောက်လအတွင်း ရှန်တုန်း၊ ဟဲနန်၊ ယူနန်၊ မွန်ဂိုလီးယား အတွင်းပိုင်းနှင့်ဂန်းဆုအပါအဂင် ရွှေသတ္တုအများဆုံးထွက်ရှိသော ပြည်နယ်များတွင် စုစုပေါင်း ရွှေသတ္တုထွက်ရှိမှု ၆၂ ဒသမ ၉၁ တန်ရှိခဲ့ပြီးနိုင်ငံအဆင့် စုစုပေါင်းထွက်ရှိမှု၏ ၄၁ ရာခိုင်နှုန်း နီးပါးပါဂင်နေကာ၊ ယခင်နှစ်ကထက် ခုနစ်ရာခိုင်နှုန်းကျော်ကျဆင်းခဲ့သည်။

ရွှေသတ္တုထွက်ရှိမှုမှာ ယခင်နှစ်ကထက် ငါးရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ကာ တန်ချိန် ၁၅၃ ဒသမ ၈၉ တန်ထွက်ရှိခဲ့ပြီး၊ ရွှေမဟုတ်သော သတ္တုများထွက်ရှိမှုမှာ တန်ချိန် ၂၇ တန်နီးပါးသို့ ၆ ဒသမ ၅ ရာခိုင်နှုန်းကျော်ကျဆင်းခဲ့သည်။ တရုတ်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇွန်လကုန်တွင် ရွှေအရန် သိုလှောင်ထားရှိမှုမှာ တန်ချိန် ၁၉၂၆ ဒသမ ၅၅ တန်သို့ရောက်ရှိခဲ့ပြီး ခုနစ်လ ဆက်တိုက်တက်လာခဲ့ခြင်းဖြစ်သည်။

**Source:** စီးပွားရေးသံမှူး-နန်နင်းမြို့
https://www.facebook.com/SFJWeekly/posts/2637264719694137?__tn__=K-R

## တစ်သျှူးငှက်ပျောနဲ့ပိုးအိမ် တရုတ်နိုင်ငံကဝယ်ယူဖို့ကမ်းလှမ်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးက သူတို့ကတော့ တစ်သျှူးငှက်ပျောကို လုပ်ချင်တာပေါ့နော်၊ သူတို့နဲ့ကျွန်တော်တို့နဲ့ညှိပြီးပေါ့ ၊PRA (Pest Risk Analysis) လို့ခေါ်တာပေါ့၊ သူတို့ဘက်က ပညာရှင်နှစ်ယောက်ကို လွှတ်ပေးပြီးစစ်မယ်လို့ ပြောပါတယ်၊ ပြောတော့ ကျွန်တော်တို့ကတော့ လက်ခံပါတယ်၊ အဆင်ပြေ အောင်လုပ်ထားပြီးသား၊ သူတို့ဘက်ကလာရင် လက်ခံပါတယ်၊ ပိုးအိမ်ကိစ္စကလဲ သူတို့ဘက်က အဆိုပြုထားပါတယ်၊ ဒါလဲကျွန်တော်တို့က PRA လာလုပ်ချင်တယ်ဆိုရင် လက်ခံပါတယ်လို့ပြောပါတယ်။ ဩဂုတ်လ ၂၇ ရက်နေ့ ကျင်းပခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာလည်း အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုက ပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချနေတဲ့ လယ်ယာထွက်သီးနှံများကို ဝယ်ယူနေကျ ပြည်ပနိုင်ငံတွေက ဝယ်ယူနေခြင်းမရှိတဲ့ အချိန်မှာ ဈေးကွက်မပျက်စေရေး၊ အဓိကအားဖြင့် စိုက်ပျိုးလုပ်ကိုင်သူတောင်သူများ အထိမနာစေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနဲ့ ဈေးကွက်ကိုဝင်ရောက် စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲ ဈေးကွက်ခိုင်မာရေးအတွက် လိုအပ်သည်များကို ကူညီပံ့ပိုးပေးဖို့ အစီအစဉ် ရှိမရှိ မေးမြန်းခဲ့ပါတယ်။ အခုလိုမေးမြန်းမှုကို ဒုဝန်ကြီးကဖြေကြားရာမှာတရုတ်နိုင်ငံသို့ တစ်သျှူးငှက်ပျောနဲ့ ပိုးအိမ်များ တင်ပို့နိုင်ရေးအတွက် ပိုးမွှားကျရောက်နိုင်မှု ဆန်းစစ်ချက်ပြုလုပ်ခြင်းတွေကို ဆောင်ရွက် လျက်ရှိပါတယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် ဈေးကွက်ရရှိရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှု ကိုတာ (ခွဲတမ်း) ရရှိရေး ဆောင်ရွက်ခဲ့တဲ့အပြင် ဆန်ကွဲကိုပါ ကိုတာမရှိဘဲ တင်ပို့ရောင်းချနိုင်ရေး၊ မြန်မာနိုင်ငံမှဆန်စက်များကို ဝယ်ယူတဲ့ နိုင်ငံများမှ လက်ခံနိုင်မယ့် အရည်အသွေးကိုစစ်ဆေးပေးခြင်းနဲ့ ကျွဲနွားတင်ပို့ရေး နားလည်မှုစာချွန် လက်မှတ် ရေးထိုးနိုင်ရေးအတွက်လည်း ဆောင်ရွက် လျက်ရှိတယ်လို့ ဒုဝန်ကြီးက လွှတ်တော်မှာ ရှင်းလင်းခဲ့ပါတယ်။ စီးပွားကူးသန်းအနေနဲ့ လက်ရှိသွားနေတဲ့ အမျိုးသားပို့ကုန် မဟာဗျူဟာကိုလည်း နောက်ထပ်ငါးနှစ် ( ၂၀၂၀-၂၀၂၅ ) အတွက် ဆက်လက်ချမှတ် ဆောင်ရွက်သွားမှာ ဖြစ်ပြီး လက်ရှိဦးစားပေးကဏ္ဍ ၁၁ ခုအပြင် ကဏ္ဍအသစ် ငါးခုဖြစ်တဲ့ ကျောက်မျက်နဲ့ လက်ဝတ်ရတနာကဏ္ဍ၊ ဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းကဏ္ဍ၊ သစ်သီးဝလံနဲ့လက်မှု အနုပညာပစ္စည်းထုတ်လုပ်မှုကဏ္ဍတို့ကို တိုးချဲ့ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒုဝန်ကြီးက ပြည်ပဈေးကွက်အခိုင်အမာ ရရှိစေရေးအတွက် မိမိတို့ထွက်ကုန်များဟာ တင်သွင်းနိုင်ငံများရဲ့ သတ်မှတ်ထားတဲ့ အရည်အသွေးစံချိန်စံညွှန်းများနဲ့ ကိုက်ညီမှုရှိရေးမှာလဲ လွန်စွာအရေးကြီးလှပါတယ်၊ ကောင်းမွန်သော လယ်ယာစိုက်ပျိုးမှု နည်းလမ်းကောင်းများ အသုံးပြုရေး၊ နောက်ကြောင်းပြန် ခြေရာခံနိုင်ရေး (tracebility) နဲ့ မိမိတို့နဲ့ ယှဉ်ပြိုင်ရောင်းချတဲ့ နိုင်ငံများရဲ့ ပို့ကုန်များရဲ့ အရည်အသွေး၊ စံချိန်စံညွှန်းများနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိမှသာ ဈေးကွက်ဟာခိုင်မာပြီး ဈေးကွက်သစ် များကိုလဲ ပိုမိုထိုးဖောက်နိုင်မှာဖြစ်ပါတယ်လို့ ပြောပါတယ်။ ဒီအပြင် တောင်သူလယ်သမားများ ထုတ်လုပ်တဲ့ လယ်ယာ ထုတ်ကုန်များ သင့်တင့်မျှတတဲ့ဈေးနဲ့ ဈေးကွက်ရရှိစေဖို့ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး လယ်ယာ ထွက်ကုန်များကို နိုင်ငံတော်ကဝယ်ယူလိုပါက ဝယ်ယူနိုင်ဖို့လည်း နိုင်ငံတော်ရဲ့ လှည့်ပတ်ရန်ပုံငွေမှ ထုတ်ယူကာ သီးသန့်ထားရှိပြီး ဖြစ်တယ်လို့သိရပါတယ်။

လက်ရှိမှာ အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၁၅-၂၀၁၉ )ကို ချမှတ်ပြီး ပို့ကုန်မြှင့်တင်ရေးကိုစီးပွားကူးသန်းအနေနဲ့ ဆောင်ရွက်ခဲ့ရာမှာ တိုးတက်မှုများရှိခဲ့ပြီး လက်ရှိဘဏ္ဍာနှစ် ဩဂုတ်လ ၁၉ ရက်နေ့အထိ အဓိကပို့ကုန်အဖြစ် ဆန်နဲ့ ဆန်ကွဲ တန်ချိန် နှစ်သန်းကျော်၊ ပဲမျိုးစုံတန်ချိန် တစ်သန်းကျော်၊ ပြောင်းတန်ချိန် တစ်သန်းကျော်၊ ကျွဲ၊ နွားကောင်ရေ အရှင် နှစ်သိန်းကျော်၊ ဖရဲ၊ သခွား၊ သရက်သီးတန်ချိန် တစ်သန်းနဲ့ ချုပ်ပြီးအထည် အမေရိကန်ဒေါ်လာသန်း ၄၀၀၀ ကျော်ဖိုး တင်ပို့ထားပြီး ဖြစ်တယ်လို့သိ ရပါတယ်။

**Source: https://www.kumudranews.com/news-34994**

## လယ်ယာနှင့်ရေလုပ်ငန်းကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခြောက်ခု ခွင့်ပြုပေးခဲ့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လယ်ယာကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတို့တွင် အမေရိကန် ဒေါ်လာသန်း ၂၁၀ ကျော်နှင့် ကျပ် ၂၅ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းလုပ်ငန်း ခြောက်ခုကို ခွင့်ပြုပေးလိုက်ကြောင်း စက်တင်ဘာ ၁ ရက် က သိရသည်။

အဆိုပါခွင့်ပြုလိုက်သည့် လုပ်ငန်းခြောက်ခုတွင် လယ်ယာ ကဏ္ဍမှလုပ်ငန်းတစ်ခု၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍမှ လုပ်ငန်းနှစ်ခုနှင့် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍမှ လုပ်ငန်းသုံးခုတို့ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း



အပါအဝင် ယင်းလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၂၂၃ သန်းနှင့် ကျပ် ၂၅၇၃၃ သန်းရှိကာ ပြည်တွင်းလုပ်သားများ အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၇၄ နေရာဖန်တီးပေး နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ နိုင်ငံပေါင်း ၅၀ တို့မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၇၇၉ ခု ရင်းနှီးမြှုပ်နှံလျက်ရှိပြီး စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၈၁၂၄၉ ဒသမ ၁၉၃ ဖြင့် ရင်းနှီးမြှုပ်နှံရန် ခွင့်ပြုမိန့်များ ထုတ်ပေးထားကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ နိုင်ငံပေါင်း ၅၀ က ရင်းနှီးမြှုပ်နှံထားသည့် စီးပွားရေးကဏ္ဍ ၁၂ ခုအနက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၅၉ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ဝ၇ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၃ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့် ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သည့်နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127876.html

## တရုတ်ဘက်သို့ ဆန်တင်ပို့ခွင့်မရသည့် အချိန်တွင် ဆန်ကွဲတင်ပို့ခွင့်ရပါက တောင်သူ၊ စက်ပိုင်၊ ကုန်သည်များ ဆန်စပါးဈေးကျသည့်ဒဏ် အနည်းငယ်သက်သာမည်ဟုဆို

တရုတ်နိုင်ငံ နယ်စပ်တွင် မြန်မာ့ဆန်များဝယ်ယူမှု ယာယီရပ်နားထားချိန်တွင် တရုတ်ဘက်သို့ ဆန်ကွဲတင်ပို့ခွင့်ရလျှင် တောင်သူစက်ပိုင်ကုန်သည်များ ဆန်စပါးဈေးကျနေသည့်ဒဏ် အနည်းငယ်သက်သာနိုင်သည်ဟု မန္တလေးတိုင်းဒေသကြီး



ဆန်စပါးကုန်သည်များအသင်း အတွင်းရေးမှူး ဦးစိုင်းကျော်ကပြောကြားသည်။ အဆိုပါ ဆန်ကွဲတင်ပို့မှုကို တရုတ်ဘက်မှ ဧပြီလက စတင်ရပ်ဆိုင်းခဲ့သောကြောင့် တစ်နိုင်ငံအတိုင်းအတာဖြစ် ဆန်ကွဲတင်ပို့မှုတွင် မူဆယ်နယ်စပ်တွင် ဆန်ကွဲတန်ချိန် သုံးသောင်းနီးပါးလောက် ပိတ်မိနေကြောင်း ပြည်တွင်း၌ ဆန်တန်ချိန် သုံးသန်းကျော် လက်ကျန်ကျန်ရှိနေကြောင်းသိရသည်။

နယ်စပ်အရောင်းအဝယ်ဖြစ်တဲ့ ဆန်ကွဲက ကိုတာစနစ်နဲ့ အစိုးရချင်း စာချုပ်ချုပ်မယ်ဆိုပြီး သတင်းကြားလာတာ အတော်ကြာပြီး အခုချိန်ထိအောင် ဘာမှမကြားသေးဘူး။ ဆန်ဈေး မကောင်းလို့ တရုတ်ဘက်ကို ဆန်ကွဲထွက်သွားတယ်ဆိုရင် တော်သေးတယ်။ အခုချိန်ကျ ဆန်ကွဲဈေးကောင်းနိုးနိုးနဲ့ပေ့ါ။ တရုတ်ပြည်မှာပေါက်နေတဲ့ ဆန်ကွဲဈေးနဲ့ မြန်မာပြည်က ဆန်ကွဲဈေးကကွာနေတော့ ဈေးကောင်းကောင်းရမယ်လို့ မျှော်လင့်ထားတယ်။ အားလုံးကလည်း ဆန်ကွဲဝယ်မယ်လို့ ထင်နေကြတယ်။ ဒါပေမဲ့ အခုချိန်ထိ မျှော်လင့်ထားတာဖြစ်မလာဘူး။ ပြည်တွင်းမှာက ဆန်ဈေးနဲ့ဆန်ကွဲဈေးက ပြုတ်ကျနေတယ်။ ဆန်ကွဲဈေးကောင်းကောင်းနဲ့ ပြည်ပထွက်နေရင် တောင်သူဆန်စက်ပိုင် ဆန်ကုန်သည်အားလုံး ဆန်စပါးဈေးကျနေတာခံသာတယ်။ အခုလက်ရှိအချိန်ကျ အားလုံးဒုက္ခရောက်နေတဲ့ပုံစံဖြစ်နေတယ်။ လက်ရှိဆန်ကွဲပေါက်ဈေးက မန္တလေးပေါက်ဈေးဆန်ကွဲတစ်အိတ်ကို ကျပ် ၁၅၅၀၀ ကနေ ကျပ် ၁၆၀၀၀ ဈေးရှိတယ်။ ၅၀ ကီလိုတစ်အိတ်ဈေးပေ့ါ။ ကျွန်တော်တို့

တရုတ်ပြည်ကို ကိုတာစနစ်နဲ့ရောင်းချရရင် ဆန်ကွဲဈေးက ကျပ် ၁၈၀၀၀ ဈေးလောက်ဖြစ်သွားနိုင်တယ်။ အခုချိန်ထိ မျှော်လင့်နေတာ ဖြစ်မလာသေးဘူးဟု ဆန်စပါးကုန်သည်များအသင်းအတွင်းရေးမှူး ဦးစိုင်းကျော်ကပြောကြားသည်။

တရုတ်နိုင်ငံကို အများဆုံးတင်ပို့လျက်ရှိသည့် ဆန်၊ ပြောင်း၊ သကြားအပြင် ဆန်ကွဲကို တရားဝင်တင်ပို့ ရောင်းချနိုင်ရန် အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of the People's Republic of China – GACC) နှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ဆန်ကွဲကို တရုတ်နိုင်ငံသို့ တင်ပို့ရာမှာ Quota သတ်မှတ်ထားမှု မရှိခြင်းကြောင့် လွတ်လပ်စွာတင်ပို့နိုင်သော်လည်း GACC သတ်မှတ်ထားသည့် အရည်အသွေးဆိုင်ရာ စစ်ဆေးချက်များနှင့်အတူ မှတ်ပုံတင်ထားမှသာ တင်ပို့မှုကို တရားဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ဆန်ကွဲတင်ပို့နိုင်မှု စာရင်းဇယားများအရ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်နှင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် တို့မှာ တရုတ်နိုင်ငံကို ဆန်နှင့်ဆန်ကွဲတန်ချိန် ခြောက်သိန်းကျော်တင်ပို့ပြီး၊ ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှစပြီး ဘယ်လ်ဂျီယံနိုင်ငံကို အများဆုံးတင်ပို့ခဲ့ကြောင်းတွေ့ရှိရသည်။

**Source:** https://news-eleven.com/article/132320

## မကွေးတိုင်း၌ ယခုနှစ်မိုးကာလ ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု ယခင်နှစ်ကထက် စိုက်ဧက ၈၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုး



မကွေးတိုင်းဒေသကြီးအတွင်း ချည်မျှင်ရှည်ဝါမျိုးကို ယခုမိုးကာလတွင် ယခင်နှစ်ကထက် စိုက်ဧက ၈၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုးလာခဲ့ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ထံမှသိရသည်။ ယခုနှစ် မိုးရာသီကာလတွင် မကွေးတိုင်းအတွင်း ချည်မျှင်ရှည်ဝါ ၂၀၃၂၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်က စိုက်ဧက ၁၂၂၆၇ ဧက စိုက်ပျိုးခဲ့သည်။ ယခင်နှစ်ကထက် စိုက်ဧက ၈၀၀၆၂ ဧက တိုးမြှင့် စိုက်ပျိုး ခဲ့သည်။ ဒီနှစ်မိုးရာသီကာလမှာ မေလအတွင်း မိုးအနည်းငယ် ရွာသွန်းခဲ့ပြီး ဇူလိုင်လတစ်လလုံး မိုးမရွာသွန်းခဲ့တာကြောင့် မိုးသီးနှံဖြစ်တဲ့ နှမ်းမြေပဲ မစိုက်နိုင်တဲ့ယာမြေတွေမှာ ဝါသီးနှံကို အစားထိုးပြန်စိုက်ကြတယ်။ အဲဒါကြောင့် ဒီနှစ်စိုက်ဧကတွေ တိုးလာခဲ့တာဖြစ်တယ်။ ဝါသီးနှံက အစိုဓာတ်နည်းပြီး မိုးခေါင်တဲ့ဒဏ်ကို ခံနိုင်တဲ့သီးနှံ ဖြစ်တယ်ဟု ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောဆိုသည်။

ဝါစိုက်သည့်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဝါမျိုးစေ့များ၊ မျိုးစေ့နယ်သည့်ဆေးများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ် ဆေးများကို အခမဲ့ထောက်ပံ့ပေးကာ စိုက်ပျိုးရေးဌာနဝန်ထမ်းများက ဝါစိုက်တောင်သူများအား အပင်ခွဲနည်းများ၊ ကြားလိုက် နည်းစနစ်များကို လက်တွေ့ရှင်းလင်းပြသပေးကြောင်း တိုင်းစိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ မကွေးတိုင်းအတွင်း ချည်မျှင်ရှည်ဝါမျိုး ◌ျားဖြစ်သည့် ရွှေတောင် (၈) နှင့် ငွေချည်(၉) ဝါမျိုးများကို အစိုက်များသည်။ ယခင်နှစ်ကဝါ တစ်ပိဿာ ကျပ် ၁၁၀၀၊ ၁၂၀၀ ဈေးရှိခဲ့ပြီး ယခုနှစ်တွင် ဝါတစ်ပိဿာ ကျပ် ၁၅၀၀၊ ၁၆၀၀ အထိ ဈေးနှုန်းမြင့်တက်ခဲ့သဖြင့် ဝါစိုက်တောင်သူများအနေဖြင့် တွက်ခြေကိုက်ကြောင်း ဝါစိုက် တောင်သူများထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/127861.html

## ကမ္ဘာ့ရွှေဈေး ၁၅၃၂ ဒေါ်လာဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၇၃၀၀၀ ဝန်းကျင်အထိ စံချိန်တင် ဆက်လက်မြင့်တက်

ကမ္ဘာ့ရွှေဈေးနှုန်းသည် စက်တင်ဘာ ၃ ရက်တွင် ၁၅၃၂ ဒေါ်လာ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ဒေါ်လာဈေး မြင့်တက်လာခြင်း ကြောင့် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၂၇၃၀၀၀ ဝန်းကျင်အထိ စံချိန်တင်ဆက်လက် မြင့်တက်ခဲ့ကြောင်း ရွှေရောင်းဝယ် သူများထံမှသိရသည်။ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ် ခဲ့ကာ နှစ်အလိုက်စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ



၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ဇူလိုင် ၁၈ ရက် တွင် ကျပ် ၁၁၄၃၅၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၁၂၇၃၀၀၀ ဖြစ်သည်။ ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး လက်ရှိအချိန်တွင် ကျပ် ၁၂၇၀၀၀၀ ကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်း ရွှေဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၈ ခုနှစ် စက်တင်ဘာ၂၀ ရက်၌ ဖြစ်ပေါ်ခဲ့သော ကျပ် ၁၀၄၇၇၀၀ စံချိန်ကို ကျပ် ၁၀၄၈၅၀၀ ဖြင့် ကျော်ဖြတ်ခဲ့ပြီး စံချိန်သစ်များ ဆက်တိုက် တင်ခဲ့ကာ ဇန်နဝါရီ ၃၁ ရက်တွင် ကျပ် ၁၀၆၃၀၀၀ အထိ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက် ရွှေဈေးများ ဆက်လက် မြင့်တက်ခဲ့ရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀ အထိ၊ ၂၀၁၉ ခုနှစ် ဇွန် ၂၀ ရက်တွင် ကျပ် ၁၁၀၁၀၀၀ အထိ၊ ဇူလိုင် ၁၁ ရက်တွင် ကျပ် ၁၁၃၆၀၀၀ အထိ၊ ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀ အထိမြင့်တက်ခဲ့သည်။ ဩဂုတ် လအတွင်းတွင်လည်း စံချိန်သစ်များ ဆက် တိုက် ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၃ ရက်တွင် ကျပ် ၁၁၅၄၉၀၀၊ ဩဂုတ် ၇ ရက်တွင် ကျပ် ၁၂၀၃၀၀၀၊ ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ဩဂုတ် ၂၆ ရက်တွင် ကျပ် ၁၂၄၉၀၀၀၊ ဩဂုတ် ၂၈ ရက် တွင် ကျပ် ၁၂၅၂၀၀၀၊ ဩဂုတ် ၂၉ ရက်တွင် ကျပ် ၁၂၆၃၀၀၀၊ စက်တင်ဘာ ၃ ရက်တွင် ကျပ် ၁၂၇၃၀၀၀ အထိ စံချိန်သစ်တင်ခဲ့သည်။

ပြီးခဲ့သည့် ခြောက်လအတွင်း လအလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံးရွှေဈေးနှုန်းများမှာ မတ်တွင် ကျပ် ၁၀၄၂၅၀၀–၁၀၇၂၀၀၀၊ ဧပြီတွင် ကျပ် ၁၀၃၆၀၀၀–၁၀၅၅၀၀၀၊ မေတွင် ကျပ် ၁၀၃၆၀၀၀ –၁၀၅၉၀၀၀၊ ဇွန်တွင် ကျပ် ၁၀၅၆၀၀၀ –၁၁၃၀၀၀၀၊ ဇူလိုင်တွင် ကျပ် ၁၀၉၇၀၀၀ –၁၁၅၀၀၀၀၊ ဩဂုတ်တွင် ကျပ် ၁၁၄၁၅၀၀–၁၂၆၃၀၀၀ တို့ဖြစ်သည်။ ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ် ဧပြီလမှစ၍ အတက်အဆင်းကြမ်းလျက်ရှိပြီး လတစ်လအတွင်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိ ကွာခြားခဲ့သည်။

**Source:** https://news-eleven.com/article/132327

## ရေနံချောင်း၌ နှမ်းရိတ်သိမ်းချိန် ဒေသခံများဝင်ငွေရနေ



အညာဒေသရေနံချောင်းမြို့နယ်၌ နှမ်းသီးနှံများ ရိတ်သိမ်းချိန် ဖြစ်သောကြောင့် ဒေသခံတောင်သူများ ဝင်ငွေရနေကြောင်းသိရသည်။ ရေနံချောင်းမြို့နယ်တွင် ယာမြေကို အဓိကထားပြီးစိုက်ပျိုးကာ ဇွန်လ၌ နှမ်းမြေပဲစိုက်ပျိုးကြကြောင်း၊ ဩဂုတ်လ၌ နှမ်းများရိတ်သိမ်း ကြရပြီး ထွန်ရေးဝင်၍ ဝါဆိုမြေပဲများစိုက်ပျိုးကြကြောင်း၊ လုပ်ငန်းများ လှိုင်လှိုင် ဝင်နေသောကြောင့် အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းနေကြကြောင်း၊ အလုပ်သမားတစ်ဦးလျှင် ပုတ်ပြတ်စနစ်ဖြင့် တစ်နေ့လျှင် ကျပ် ၂၀၀၀၀ မှ ကျပ် ၃၅၀၀၀ အထိ ပေး၍ ငှားရမ်းလုပ်ကိုင်ရကြောင်း ဒေသခံ ဦးစိုးဝင်းကပြောဆိုသည်။ ရေနံချောင်းမြို့နယ်မှ တောင်သူကိုစိုးသူက လက်ရှိနှမ်းပင်တွေ နုတ်သိမ်းနေပါပြီ။ ဒေသခံအလုပ်သမားတစ်ဦးလုပ်အားခ တစ်နေ့ ကျပ် ၅၀၀၀ ရရှိပြီး တစ်အိမ်တွင် မိသားစု လေးဦးခန့်လုပ်ကိုင်ကြတဲ့အတွက် ဝင်ငွေကောင်းနေကြပြီး မိသားစုများအတွက် စားဝတ်နေရေး အဆင်ပြေလျက် ရှိကြပါတယ်ဟုပြောဆိုသည်။ နှမ်းပင်တွေလည်း နုတ်ကြပြီဗျ။ လွန်ခဲ့တဲ့လကတည်းက မိုးရွာလို့စိုက်ထားတဲ့ မြေပဲခင်းတွေမှာလည်း

ပေါင်းမြက်တွေနုတ်ကြရတော့ အလုပ်လိုင်ချိန်ပေါ့ဗျာဟု တောင်သူ ဦးတင်ယွန်းကရှင်းပြသည်။ ရေနံချောင်းမြို့နယ် လယ်ယာလုပ်ငန်းခွင်များတွင် နှမ်းများရိတ်သိမ်းပြီး ဝါဆိုမြေပဲနှင့် ဝါများကို အလျင်အမြန်စိုက်ပျိုးနေကြပြီဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/127862.html

## စိုက်ပျိုးမွေးမြူရေးအခြေခံသည့်လုပ်ငန်းများ ကျပ်သိန်းငါးထောင်အထိ ချေးငွေပေးမည်

တောင်သူများနှင့်လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆိုင်ရာ ချေးငွေများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ လျှောက်ထားရယူနိုင်ပြီဖြစ်ကြောင်း ဩဂုတ် ၃၁ ရက်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှသိရသည်။ မွေးမြူရေးသမားတွေက ၁၀၅၊ ၁၀၆ က မြေရာဇဝင်ခေါ်တာ ပေါ့။ ၁၀၅၊ ၁၀၆ က ရှိတယ်။ ပိုင်ဆိုင်ကြတယ်။ ဒါပေမဲ့ အမည်ပြောင်းလို့ မရဘူးဖြစ်နေတာ။ ဂရန်ဆိုတာကလည်း မွေးမြူရေးလုပ်ငန်းတွေက မြို့ပြင်တွေမှာ လုပ်ကြတာဆိုတော့ ဂရန်ရဖို့ကတော့ အဝေးကြီးပဲ။ ဂရန်က မြို့တွင်းတွေပဲပေးတာလေ။ ချေးငွေလျှောက်ရင် ပိုင်ဆိုင်မှုကိုလည်း ကိုယ်လျှောက်မယ့်ချေးငွေရဲ့ လေးဆလောက်ပြရတယ်။ ကျပ်သိန်း ၂၀၀ ချေးမယ်ဆိုရင် သိန်း ၈၀၀ဖိုး ပြရတာ။ မပြနိုင်ရင်ချေးငွေက Cancel ဖြစ်ပြီဟု မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဇော်မျိုးထွန်းက ပြောဆိုသည်။

ချေးငွေကို နှစ်တိုချေးငွေသုံးနှစ်၊ နှစ်ရှည်ချေးငွေငါးနှစ် သတ်မှတ်ပြီး နှစ်တိုချေးငွေအတွက် ကျပ်သိန်း ၅၀၀၊ နှစ်ရှည် ချေးငွေအတွက် ကျပ်သိန်း ၅၀၀၀အထိ ထုတ်ချေးလျက်ရှိကြောင်း၊ အတိုးနှုန်းမှာတစ်နှစ်လျှင် ကိုးရာခိုင်နှုန်းဖြစ်ပြီး ငွေချေးယူသူ၏ ငွေချေးယူမှုရာဇဝင်၊ ပိုင်ဆိုင်မှု၊ လုပ်ငန်းသဘာဝနှင့်လုပ်ငန်းပမာဏ၊ ဝင်ငွေ ပြန်လည်ရရှိမှု၊ အာမခံတင်သွင်းနိုင်မှုတို့အပေါ် စိစစ်၍ ချေးငွေသက်တမ်းဆိုင်းငံ့ကာလနှင့် ချေးငွေပမာဏကို သတ်မှတ်ထုတ်ချေးပေးလျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)မူရင်း၊ မွေးမြူရေးလုပ်ငန်း သို့မဟုတ် စိုက်ပျိုး ရေးနှင့် မွေးမြူရေးကို အခြေခံသည့် လုပ်ငန်းများဖြစ်ပါက လန ၃၉၊ ပုံစံ ၁၀၅၊ ၁၀၆ မူရင်း၊ ငွေချေးယူလိုသူနှင့် ပူးတွဲ အာမခံသူနှစ်ဦး၏ ရွှေ့ပြောင်းနိုင်သော၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အာမခံအဖြစ် တင်သွင်းရမည်ဖြစ်သည်။

ချေးငွေအတွက် အာမခံပစ္စည်းလုံလောက်စွာ မပေးနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းနှင့်ဆက်သွယ်၍ချေးငွေအာမခံစနစ်ဖြင့် လျှောက်ထားနိုင်ပြီး ကျပ်သိန်း ၂၀၀ ထက်ပိုသည့် ချေးငွေဖြစ်ပါက မီးအာမခံ၊ ဘဏ်ရှေ့နေနှင့် ဘဏ်ရာဖြတ်အစီရင်ခံစာကို ပူးတွဲတင်ပြရမည်ဖြစ်ကာ ချေးငွေရယူလိုသူများသည် အမြဲတမ်းနေထိုင်ရာမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြို့နယ်ဘဏ်ခွဲ သို့မဟုတ် နီးစပ်ရာဘဏ်ခွဲတွင်စုံစမ်း၍ ချေးငွေများလျှောက်ထားနိုင်သည်။ ချေးငွေနှင့်ပတ်သက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁--၃၉၁၂၃၅၊ ဖက်စ်-၀၁ ၃၈၁၇၀၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

**Source:** https://myanmar.mmtimes.com/news/127860.html

**myanmar.mmtimes.com/news**

## (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ဖရဲသီးရောင်းလိုအားများနေပြီး ဝယ်လိုအားနည်းနေသေး

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် နယ်မြေအတွင်းရှိ တရုတ်-မြန်မာ နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ကွင်းသို့ ဖရဲသီးများ စတင်ဝင်ရောက်ရောင်းချနေပြီဖြစ်သော်လည်း တရုတ်ဝယ်လက်များ အရေအတွက် နည်းနေသေးကြောင်းသိရသည်။နှစ်နိုင်ငံ သစ်သီးရောင်းဝယ်ရေးကို (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင်သော သစ်သီးရောင်းကွင်းတွင် နှစ်စဉ်ပုံမှန်အားဖြင့် စက်တင်ဘာလမှစပြီး ဧပြီလ လဝက်အထိ ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။ ယခုနှစ် မြန်မာ ပြည်အောက်ပိုင်းနေရာ တချို့တွင် မိုးများပြီး ရေကြီး ရေလျှံမှုများ ဖြစ်ပွားနေသောကြောင့် မိတ္ထီလာ၊ မုံရွာ၊ မြင်းခြံ၊ သဲတော၊ ဝမ်းတွင်းဘက်နှင့် အခြားမိုးမရွာသည့်နေရာများမှ ထွက်ရှိသော အသီးများကို လာရောက်ရောင်းချနေခြင်းဖြစ်ပြီး ရောင်းချသည့်နေရာတွင် တရုတ်ဘက်မှ ဝယ်လက်ကုန်သည်များ နည်းနေသောကြောင့် ရောင်းအားမကောင်းသကဲ့သို့ ဈေးနှုန်းလည်း ထင်သလောက်မရရှိကြောင်းသိရသည်။ လတ်တလော အခြေအနေအရ မိုးသီးများဖြစ်သည့် 212(ခ) ကုလားမ သီး၊ 855(ခ) ဖရဲကျား စသည့်အသီးများ ဝင်ရောက် ရောင်းချနေခြင်းဖြစ်ပြီး ဖရဲဈေးကွက်၌ တစ်ကီလိုဂရမ်လျှင် ၁ ယွမ်မှ ၁ ဒသမ ၅ ယွမ် အထိရရှိပြီး တစ်တန်ကို အမြင့်ဆုံးဈေး ယွမ် ၁၅၀၀ အထိရရှိကြောင်း သိရသည်။ အဆိုပါဖရဲသီးများကို မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ မူဆယ်နယ်စပ်သို့ သယ်ယူရောင်းချနေခြင်းဖြစ်သည်။ ဖရဲသီးများ သယ်ယူရောင်းချနေခြင်းနှင့်ပတ်သက်ပြီး သစ်သီးအေးဂျင့်ဥက္ကဋ္ဌ ဦးစိန်မောင်က ကျွန်တော်တို့အနေနဲ့ သစ်သီးရောင်းဝယ်ရေးကို နေ့တိုင်း မနက် ၆ နာရီကနေ ၉ နာရီဝန်းကျင်အထိ ဝယ်ယူရောင်းချနေတာဖြစ်ပါတယ်။ အခု

လောလောဆယ်မှာတော့ အသီးရာသီချိန်မဟုတ်သေးတဲ့အတွက် အသီးကားဝင်ရောက်လာတာနည်းပါသေးတယ်။ ပြီးတော့ တရုတ်ဘက် ဝယ်လက်တွေလည်း တစ်ဦးစ နှစ်ဦးစပဲ လာရောက်ဝယ်ယူနေတာရှိသေးတယ်။ ၉ လပိုင်း ၁၅ ရက်နောက်ပိုင်းဆိုရင် အသီးကားတွေဝင်ရောက်လာကြမှာဖြစ်သလို အဲဒီအချိန်ကျရင်တော့ တရုတ်ဝယ်လက်တွေလည်း တော်တော်များများ လာရောက်ဝယ်ကြမှာပါ။ အဓိကတော့ မူဆယ်-မန္တလေးလမ်းပိုင်း ဆက်သွယ်မှုကောင်းဖို့နဲ့ လက်ရှိဖြစ်နေတဲ့ တိုက်ပွဲတွေ ရပ်တန့်သွားဖို့တော့ အရေးကြီးတာပေါ့။ ဒါမှလည်း အသီးအနှံစိုက်ပျိုးတဲ့ တောင်သူတွေလည်း စိတ်ချမ်းသာစွာနဲ့ သယ်ယူရောင်းဝယ်နိုင်မှာဖြစ်ပါတယ်။ အခုချိန်က ဖရဲရာသီအစဆိုတော့ ရောင်းလိုအားများနေပြီး ဝယ်လိုအားနည်းနေတဲ့ အတွက် အောက်ပိုင်းက ဖရဲသီး ဝယ်ယူရောင်းချသူတွေအနေနဲ့ မူဆယ်-မန္တလေး လမ်းပန်းဆက်သွယ်ရေးနဲ့ လက်ရှိ ဖရဲသီး ဈေးကွက်အခြေအနေတွေကို မိမိတို့အသိမိတ်ဆွေကားသမားတွေနဲ့ ပွဲရုံတွေကို ဖုန်းတွေနဲ့ ဆက်သွယ်မေးမြန်းစုံစမ်းပြီးမှသာ အသီးတွေကို တင်ပို့ရောင်းချစေချင်ပါတယ်ဟု ပြောသည်။အဆိုပါ လမ်းပိုင်း၌ ယာဉ်မောင်းလုပ်သက် ၁၀ နှစ်ရှိ ကိုကျော်သိန်းထွန်းက မြို့သာမြို့နယ် ကန်းတောက်ကျေးရွာဘက်ကနေ ဖရဲသီးတင်ပြီး ထွက်လာဖြစ်ပါတယ်။ လမ်းခရီး အခက်အခဲကတော့ အရင်တုန်းကဆိုရင်တော့ ၁၆ မိုင်ကနေ ထွက်တာနဲ့ လမ်းကြောတစ်လျှောက် တစ်ညလုံးမောင်းတဲ့အတွက် မူဆယ် ဘက်ကို စောစောရောက်တာပေါ့။ အခုကျတော့ တိုက်ပွဲတွေကြောင့် ရေပူစစ်ဆေးဂိတ်ကနေ မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ကားတွေကို ထိန်းပြီး လွှတ်ပေးတယ်။ လမ်းခရီးမှာလည်း စစ်ဆေးရေးတွေက လုံခြုံရေးအရ ပေး မလွှတ်တာတွေရှိတယ်။ ကားသမား အချင်းချင်းလည်း ဖုန်းဆက်သွယ်မှုတွေလုပ်ပြီး သွားရတာလည်းရှိပါတယ်။ အဆင်ပြေတဲ့ နေရာတွေမှာ အိပ်ခဲ့ရတာတွေလည်းရှိပါတယ်။ ကားဆရာတွေ အခက်အခဲရှိသလို ကုန်သည်ပွဲစားတွေလည်း ရင်တထိတ် ထိတ်နဲ့ လမ်းကြောမှာသွားလာနေရတာဖြစ်တယ်။ အသီးအရောင်းအဝယ်အနေနဲ့တော့ အရင်နှစ်တွေထက် သိပ်မကွာပါဘူး။ ရာသီချိန်မဟုတ်သေးတဲ့အတွက် တရုတ်ဘက်က ဝယ်လက်နည်းနေတာကလွဲလို့ မရောင်းရဘူးဆိုတာတော့မရှိပါဘူး။ ရောက်လာတဲ့ အသီးအားလုံးကတော့ ရောင်းရပါတယ်"ဟု ပြောသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2355448161362345?__tn__ =K-R

## ထန်းရည်ကသကြားထုတ်လုပ်ရန် တောင်ကိုရီးယားလုပ်ငန်းရှင်များ လာရောက်လေ့လာ

မကွေးနှင့် နတ်မောက်မြို့နယ်အတွင်း ကျေးရွာ ၃၀ ခန့်က ထန်းတောင်သူများ၏ ထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူ၍ ထန်းရည်က သကြားထုတ်လုပ်ရန် တောင်ကိုရီးယားလုပ်ငန်းရှင်များ လာရောက်လေ့လာနေကြောင်း ကြာကန်ကျေးရွာ ကျေးလက်မြေအဖွဲ့တာဝန်ခံ ဦးဇော်မင်းထိုက်ထံမှသိရသည်။ မကွေးမြို့နယ်အတွင်းရှိ ကြိုးကြာကန်၊ ကြည်တလုံး၊ ကြာကန်၊ ပုဂံမျှော် လိပ်ကန်းနှင့်နတ်မောက်မြို့နယ်က ကျေးရွာများရှိ ထန်းတောင်သူများ၏ ထန်းရည်ချိုကိုတိုက်ရိုက် ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။ ကြာကန်ကျေးရွာက ထန်းတက်တောင်သူ ဦးသန်းဝင်းက ထန်းရည်ကနေ သကြား ထုတ်လုပ်ဖို့ ကုမ္ပဏီက တိုက်ရိုက်ဝယ်မယ်ဆိုတော့ ထင်းမကုန်၊ ရေမကုန်တဲ့ အတွက် ပိုပြီးကြိုဆိုပါတယ်။ ထန်းပင်တက်ရသူတွေမှာ အခက်အခဲက မတော်တဆ ခြေချော်လက်ချော်ကျသွားရင် ကျိုးစေနဲ့သေစေရှိတော့ အသက်ကို ရင်းပြီး ခဲခဲယဉ်းယဉ်းလုပ်ကိုင်စားရတာပါပဲဟုပြောသည်။ ဩဂုတ်လ ၂၆ ရက်က ထန်းပင်ထန်းတောပေါများသည့် မကွေးမြို့နယ်နှင့် နတ်မောက်မြို့နယ်တို့ရှိ ကျေးရွာများသို့ ကိုရီးယားနိုင်ငံကပညာရှင်များနှင့် ရန်ကုန်ကကုမ္ပဏီ လုပ်ငန်းရှင်များလာရောက်လေ့လာကြသည်ဟု ကိုဇော်မင်းထိုက်ကပြောသည်။ ထန်းလျက်ဈေးမကောင်း ခြင်း၊ ဝယ်သူနည်းပါးခြင်းတို့ကြောင့် ထန်းတက်တောင်သူ တဖြည်းဖြည်းနည်းပါးလာကြောင်းသိရသည်။ ထန်းသမားတွေ အနေနဲ့ကလည်း ထန်းလျက်ချက်ရတာ ဒုက္ခရောက်လာတယ်။ ထင်းရှားလာတဲ့အတွက် သူတို့မှာထင်းကိုဝယ်ပြီး တော့ သုံးရတယ်။ သူတို့ တစ်ရက် တစ်ရက် ထန်းလျက်ချက်လို့ရတဲ့ဝင်ငွေရဲ့ ၅၀ ရာခိုင်နှုန်းက ထင်းထဲမှာ ပြန်သွား နေတယ်။ ပထမတစ်ချက်က ထင်းသုံးစွဲလာတဲ့အတွက် စိတ်ဝင်စားမှုလျော့လာတယ်။ ဒုတိယတစ်ချက်က မိသားစုအကုန် ဒီထဲမှာပဲ မြှုပ်နှံပြီးလုပ်ရတော့ တခြားဝင်ငွေရမယ့် အလုပ်လည်း မလုပ်နိုင်တော့ တဖြည်းဖြည်းချင်း ထန်းသမား လျော့လျော့ လာတယ်။ ထန်းလျက်ကို စိတ်ဝင်စားမှု၊ ထန်းတက်ဖို့ စိတ်ဝင်စားမှုလျော့နည်းလာတယ်။ သူတို့အခက်အခဲကို အတန်အသင့် ပြေလျော့သွားအောင် သူတို့ဆီကတိုက်ရိုက်အရည်ဝယ်သွားမှာဖြစ်တော့ ထန်းတောင်သူတွေ အလုပ်အကိုင်ရ၊ ဝင်ငွေရနိုင် တယ်။ ထန်းတက်မယ့်သူလည်းများလာမယ်ဟု ကိုဇော်မင်းထိုက်ကပြောသည်။ ထန်းပင်တစ်ပင်လျှင် ရင်းထောင်၊ ရင်းဆွဲ၊ ကြိုးနှင့်မြူအိုးများအတွက် အရင်းအနှီး ကျပ် ၅၀၀၀ ခန့်ကုန်ကျပြီး ထန်းလျက်တစ်ပိဿာ ကျပ် ၁၆၀၀ ဖြင့် ရောင်းချ သော်လည်း ဝယ်ယူသူနည်းပါးကြောင်းသိရသည်။

**Source:** www.thefarmermedia.com

# STOCK EXCHANGE (4.9.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 4th Sep. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 1,757 | 21,084,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,200 | +100 | +2.44% | 4,200 | 4,200 | 4,200 | 1,982 | 8,324,400 | 38,929,150 | 163,502 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 44 | 369,600 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | +0 | +0.00% | 24,500 | 25,000 | 24,500 | 822 | 20,450,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 4,765 | 14,516,800 | 12,823,224 | 39,111 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 494.51 | +2.85 | +0.58% | 493.60 | 494.51 | 493.60 | 9,370 | 64,744,800 | 5 | 677,135 |

### Index chart




## Market Overview

As of 12:00 pm, 4th Sep. 2019

| MYANPIX | 494.51 ▲ 2.85 |
|---|---|
| Total Volume (shares) | 3,100 |
| Total Value (MMK) | 19 mil |
| Listed Company | 5 |
| Market Cap. (MMK) | 677,135 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,200 | ▲ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |